
# Year 1 Phonics Screening Check

Information for parents and carers

# Year 1 အသံထွက် စစ်ဆေးအကဲဖြတ်ခြင်း

မိဘနှင့် အုပ်ထိန်းသူများအတွက် အချက်အလက်များ



## အသံထွက်ဆိုတာ ဘာလဲ။

အသံထွက် သည်  အက္ခရာများနှင့် အသံများ ကြားမှ ဆက်နွယ်မှု ဖြစ်ပြီး စာဖတ်ရန် သင်ယူရာတွင် အရေးကြီးသည်။ အချို့ ကလေးများ သည် စာဖတ်ရန် သင်ယူရာ တွင် ရုန်းကန် ရတတ်သောကြောင့် ထိုသို့သော ကလေးများ ကို အမြန်ဆုံး ဖော်ထုတ် သိရှိရန် အရေးကြီး သည်။ ဤနည်းဖြင့် ဆရာများ သည် ထိုကလေးငယ်များ လိုအပ်သည့် အထူး ပံ့ပိုးကူညီမှု တစ်စုံ တစ်ရာ ပြုလုပ်ရန် စီစဉ် ပေးနိုင်မည် ဖြစ်သည်။

### Year 1 အသံထွက် စစ်ဆေး အကဲဖြတ်ခြင်း ဆိုတာ ဘာလဲ။

Year 1 အသံထွက် စစ်ဆေး အကဲဖြတ်ခြင်း ဆိုသည်မှာ သင့်ကလေး ၏ အသံထွက် တိုးတက်မှု ပုံစံအား ဆရာများ သိရှိ နိုင်ရန် ပြည်နယ် တဝှမ်း ပြုလုပ်သည့် ကာလ တို ဆန်းစစ် အကဲဖြတ်မှု တစ်ခု ဖြစ်သည်။  အဆိုပါ စစ်ဆေး အကဲဖြတ်မှု သည် မတူညီ သော အက္ခရာ များဖြင့် ပေါင်းစပ် သည့် အင်္ဂလိပ်စာ လုံးများအား သင့်ကလေး မည်သို့မည်ပုံ ဖတ်ရှုသလဲ ဆိုတာ လေ့လာ ဆန်းစစ်ခြင်း ဖြစ်သည်။ သင့် ကလေးသည် ဆရာ တစ်ယောက်နှင့် ထိုင်ကာ စာလုံးပေါင်း ၄၀ ကို အသံထွက်၍ ဖတ်ပြ ရမည် ဖြစ်သည်။ ယင်း စာလုံးများ တွင် စာလုံးအစစ်အမှန် အလုံး ၂၀ နှင့် အဓိပ္ပာယ် မရှိသော စာလုံး အလုံး ၂၀ ပါဝင်သည်။ အဓိပ္ပာယ် မရှိသော စာလုံး များ၏ ရည်ရွယ်ချက်မှာ ကျောင်းသား သည် ယခင်က မြင်ဖူး၍ မှတ်မိသည့် အတိုင်း ဖတ်ပြသည်ထက် ၎င်းတို့၏ ကိုယ်ပိုင်ဉာဏ်ကို သုံးကာ စကားလုံး တစ်လုံးကို ပေါင်းစပ်၍ ဖတ်နိုင်၊ မဖတ်နိုင် သိရှိရေး ဖြစ်သည်။ ယင်း စစ်ဆေးမှု သည် ပုံမှန်အား ဖြင့် ၅ မိနစ်မှ ၇ မိနစ်အထိ ကြာသည်။ သင့်ကလေး အခက်တွေ့နေလျှင် ဆရာက စစ်ဆေးမှုကို ရပ်ဆိုင်း သွားမည် ဖြစ်သည်။ ကလေး အတွက် စိတ် ဖိစီးမှု မဖြစ်စေရန် စစ်ဆေးမှုကို ဂရုတစိုက် ဖန်တီးပြုလုပ်ထားသည်။

Year 1 အသံထွက် စစ်ဆေးအကဲဖြတ်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဆရာ/ဆရာမ များ အား သင့်ကလေး ၏ ပညာ သင်ယူမှု အတွက် အစီ အစဉ်များ ပြုလုပ် နိုင်ရန် အချက် အလက်များ ပေးအပ် နိုင်ရေး ဖြစ်သည်။ ကလေး အသီးသီး အား ဆရာက တစ်ဦးချင်း စီ ဆန်းစစ် အကဲဖြတ်သွားမည်ဖြစ်ပြီး Year 1 ကျောင်းသား အားလုံးကို ဆန်းစစ် အကဲဖြတ်သွား မည်  ဖြစ်သည်။

### အသံထွက် အရေးကြီးရသည့် အကြောင်း အရင်း

အသံထွက် ဆိုင်ရာ ဗဟု သုတ များ နှင့် ကျွမ်းကျင်မှုများ သည် အင်္ဂလိပ်လို ရေးတတ်၊ ဖတ်တတ်ရန် သင်ယူရာ တွင် မရှိ မဖြစ် လိုအပ်သည်။ အောင်မြင်မှု ရရှိရန် ကျောင်းသားများ သည် အက္ခရာ တစ်လုံးချင်း စီမှ ဖြစ်စေ၊ မတူ ညီသော အက္ခရာ ပေါင်းစပ်မှု များမှဖြစ်စေ ရရှိ လာသည့် အသံများကို လေ့လာ သင်ယူ ရမည်ဖြစ်ပြီး စာလုံးများကို ဖတ်ရာ တွင် ယင်း အသံများ ကို အတူ တကွ ပေါင်းစပ်နိုင်သည့် စွမ်းရည် လိုအပ်သည်။ စာဖတ်တတ်စ သူများ အနေဖြင့် စာလုံးများ တွင် အသံများ ကို မြန်မြန် ဆန်ဆန်၊ ချောချော မွေ့မွေ့ ပေါင်းစပ်ထွက်ဆို နိုင်မည့် နည်းလမ်းများ ကို သင်ယူ ရမည် ဖြစ်သည်။ သို့မှသာ စာဖတ်နှုန်း နှင့် စာသားများ အား နားလည် သဘောပေါက်မှု တို့ကို မထိခိုက်မည် ဖြစ်သည်။

Year 1 အသံထွက် စစ်ဆေး အကဲဖြတ်မှုနှင့် ပတ်သက် ၍ မေးမြန်း လိုပါက သက်ဆိုင်ရာ ကျောင်းသို့ ဆက်သွယ်ပါ။

### တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ကျောင်းသို့ ဆက်သွယ် ရာတွင် စကားပြန် အကူညီ လိုအပ်ပါက 131 450 သို့ ဖုန်း ခေါ်ဆိုပြီး ဖုန်း လက်ခံ ဖြေဆိုသူ အား သင်လိုအပ်သည့် ဘာသာစကားကို ပြောပြ ၍ ကျောင်းသို့ ဖုန်း ခေါ်ဆိုခိုင်းပါ။ ၎င်းက သင် စကား ပြောဆိုရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန် တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤ ဝန်ဆောင်မှု အတွက် သင့်ထံမှ အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။